**Karenni Civil Society Network**


P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

**ဇူလိုင်လ ၉ ရက်၊ ၂၀၂၆ ခုနှစ်**

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊
## ဇွန်လ ၁-၃၀ ရက်နေ့ထိ၊၂၀၂၆ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်- ၂၀၂၁ မှ မေလ- ၃၁ရက်၊ ၂၀၂၆ | ဇွန်လ ၁- ၃၀ရက်၊ ၂၀၂၆ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၇၃၉ | ၃ | ၇၄၂ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၉၂ | | ၅၉၂ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၁၀၀၉ | ၉ | ၁၀၁၈ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၈၆ | | ၁၅၈၆ |
| | ဒီးမော့ဆိုမြို့နယ် | ၇၁၄ | ၇ | ၇၂၁ |
| | မယ်စဲ့မြို့နယ် | ၃၇ | | ၃၇ |
| | ဖယ်ခုံမြို့နယ် | ၈၄၇ | ၉ | ၈၅၆ |
| | ဖရူဆိုမြို့နယ် | ၂၇၂ | ၁ | ၂၇၃ |
| | ဘောလခဲမြို့နယ် | ၃၅ | | ၃၅ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၉၈ | | ၁၉၈ |

စကစ စစ်ဆင်ရေးနှင့် ချိုးဖောက်မှုများပြုလုပ်သည့်နေရာ၊ ဇွန်လ ၁-၃၀ရက်နေ့ထိ၊၂၀၂၄ ခုနှစ်



စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများနှင့် ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများကြောင့် ဖရူဆို၊ ဖယ်ခုံနှင့် ဒီမော့ဆိုမြို့နယ်များတွင် အရပ်သားသုံးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိ

မိုးဗြဲမြို့နှင့် ဖယ်ခုံမြို့ကို စစ်ကောင်စီတပ်နှင့် ပအိုဝ့်ပြည်သူ့စစ် PNOတို့က ထိန်းချုပ်ထားသော်လည်း အုပ်ချုပ်ရေးယန္တရားလည်ပတ်နိုင်ခြင်းမရှိသည့်အပြင် မြို့ပြင်ရှိ ကျေးရွာတချို့နှင့် စစ်ရေးအရအရေးပါသော လမ်းပိုင်းများကို တော်လှန်ရေးတပ်ဖွဲ့များမှ ထိန်းချုပ်ထားသည်။ ထို့ကြောင့် ထိုလမ်းပိုင်းများကို အပြည့်အဝထိန်းချုပ်နိုင်ရန် ဇွန်လပိုင်းအတွင်း ဖိအားပေးထိုးစစ်ဆင်တိုက်ခိုက်မှုနှင့် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုပိုမိုပြုလုပ်ခဲ့သည်။ ဒီးမော့ဆိုမြို့နယ်အတွင်းကိုမူ ဒရုန်းဗုံးကြဲတိုက်ခိုက်မှု ဆက်လျက်ပြုလုပ်နေဆဲဖြစ်သည်။ ဇွန်လအတွင်း ဖရူဆို၊ ဖယ်ခုံနှင့် ဒီးမော့ဆိုမြို့တို့တွင် စစ်ကောင်စီတပ်နှင့် ပအိုဝ့်ပြည်သူ့စစ် PNOတို့၏ ဒရုန်းဗုံးကြဲတိုက်ခိုက်မှု၊ လေကြောင်းတိုက်ခိုက်မှုတို့ကြောင့် ကျောင်းနေကလေးငယ်နှစ်ဦး အပါအဝင်စုစုပေါင်း၃ဦးသေဆုံးခဲ့ပြီး ၉ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

*ဇွန်လအတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အချိန်ဇယား*

ဇွန်လ ၄ရက်၊ ညနေခင်း ၅နာရီခွဲဝန်းကျင်အချိန် ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းရှိ ကျေးရွာနှစ်ရွာကို စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှု ၃ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် အသက် ၃၀ကျော်အရွယ်အမျိုးသားတစ်ဦး ထိမှန်သေဆုံးခဲ့ပြီး ၂ဦးထိခိုက်ဒဏ်ရာရရှိကာ နေအိမ်များလည်း ထိမှန်ပျက်စီးခဲ့သည်။

ဇွန်လ ၁၁ ရက်၊ မွန်းလွဲ ၁ နာရီဝန်းကျင်အချိန် ဒီမော့ဆိုမြို့အနောက်ဘက်ရှိ ကျေးရွာတစ်ရွာတွင် မပေါက်ကွဲသေးသော စစ်ကောင်စီ၏ အမြောက်ဆန်တစ်ခုကို ဖြုတ်တပ်နေစဉ် ပေါက်ကွဲခဲ့ရာ အမျိုးသား၂ဦး သေဆုံးခဲ့ပြီး ကျန်၁ဦးမှာပြင်းထန်စွာဒဏ်ရာရရှိခဲ့ကာ နေအိမ်တစ်လုံး ပျက်စီးခဲ့သည်။

ဇွန်လ ၁၅ရက်၊ မနက်၉နာရီအချိန် နန်းမယ်ခုံမြို့ရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ ဒရုန်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် အသက်၄၀ကျော် အမျိုးသားနှစ်ဦး ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်တစ်လုံးပျက်စီးခဲ့သည်။

ဇွန်လ ၁၅ရက်၊ ည ၁၁နာရီဝန်းကျင်အချိန် မိုးဗြဲမြို့၊ အရှေ့ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ သည့်အပြင် စစ်ကောင်စီတပ်တို့သည် ရုံဖန်ရုံခါ ဖယ်ခုံမြို့အနီးပတ်ဝန်းကျင်များကို လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်လေ့ရှိသည်။

ဇွန်လ ၁၆ရက်၊ ည၁၁နာရီ မိနစ်၂၀နှင့် မိနစ်၄၀အချိန်ခန့်တွင် ဖယ်ခုံမြို့နယ်တွင်းရှိ ကျေးရွာနှစ်ရွာကို စစ်ကောင်စီတပ်မှ လေကြောင်းသုံးပြုကာ ဗုံးကြဲတိုက်ခိုက်မှုနှစ်ကြိမ် ပြုလုပ်ခဲ့သည်။ ထိုတိုက်ခိုက်မှုတွင် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာမရရှိသော်လည်း ပြည်သူများကြား စိုးရိမ်ပူပန်လျက်ရှိသည်။

ဇွန်လ ၁၈ရက်၊ ညနေ ၆နာရီကျော်အချိန် ဖယ်ခုံမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် ရွာထဲရှိ ဘုန်းကြီးကျောင်းအနီး နွားခြံဟောင်းတစ်ခုပေါ်ကျရောက်ပေါက်ကွဲခဲ့သည်။

ဇွန်လ ၁၈ရက်၊ ည၁၁နာရီကျော်အချိန် ဖယ်ခုံမြို့နယ်၊ ပြင်ဆောင်ရွာကိုစစ်ကောင်စီတပ်မှ Y12လေယာဉ်နှင့် ဂျက်ဖိုက်တာလေယာဉ် အသုံးပြုကာ ဗုံးသီးအလုံးရေ၃၀ကျော် ကြဲချတိုက်ခိုက်ခဲ့ခြင်းကြောင့် ဒေသခံအမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိကာ နေအိမ် ၇လုံးထိမှန်ပျက်စီးခဲ့သည်။

ဇွန်လ ၂၄ရက်၊ ည၁၀နာရီဝန်းကျင်အချိန် ဒီးမော့ဆိုမြို့အနောက်ဘက်ရှိ လွိုင်နန်းဖမြို့နယ်အတွင်းကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် ရွာအပြင်တောင်ပေါ်တွင် ကျရောက်ပေါက်ကွဲခဲ့သည်။

ဇွန်လ ၂၄ရက်၊ မွန်းလွဲ ၁နာရီအချိန် နန်းမယ်ခုံမြို့တွင်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ ဒရုန်းဗုံးကြဲတိုက်ခိုက်မှု သုံးကြိမ် ပြုလုပ်ခဲ့ခြင်းကြောင့် အသက်၁၀နှစ်အရွယ် မူလတန်းကျောင်းနေမိန်းကလေးတစ်ဦးနှင့် အသက်၆နှစ်အရွယ် မူကြိုကလေးတစ်ဦး စုစုပေါင်းနှစ်ဦး သေဆုံးခဲ့ပြီး လူငယ်တစ်ဦး ပြင်းထန်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဇွန်လ ၂၈ရက်၊ မနက်ပိုင်းအချိန်မှ မွန်းလွဲအချိန်ထိ လွိုင်ကော်နှင့် မိုးဗြဲမြို့ကြားတွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးစုပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး လွိုင်ကော်မြို့ရှိစစ်ကောင်စီတပ်များမှ လက်နက်ကြီး အဆက်မပြတ်ပစ်ခတ်ခဲ့သည်။

ဇွန်လ ၂၉ရက်၊ မွန်းလွဲ ၁နာရီဝန်းကျင်အချိန် ဒီးမော့ဆိုမြို့နယ်၊ နန်းမယ်ခုံမြို့ ဆင်တောင်အုပ်စုအတွင်းရှိ ကျေးရွာနှစ်ရွာကို စစ်ကောင်စီတပ်မှ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့်

နေအိမ်နှစ်လုံးပျက်စီးခဲ့သည်။ ထို့နောက် ဒီးမော့ဆိုအနောက်ဘက်ခြမ်းကိုမူ လက်နက်ကြီးများ ရမ်းတမ်းပစ်ခတ်ခြင်း ပြုလုပ်ခဲ့သည်။

ဇွန်လ ၃၀ ရက်၊ မွန်းလွဲ ၁ နာရီခန့်တွင် ဖရူဆိုမြို့ အနောက်ဘက်ရှိ ရွာတစ်ရွာကို စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှုတစ်ကြိမ် ပြုလုပ်ခဲ့ခြင်းကြောင့် ဒေသခံတစ်ဦးဒဏ်ရာရရှိကာ နေအိမ်တစ်လုံး ထိမှန်ပျက်စီးခဲ့သည်။

ဇွန်လ ၃၀ရက်၊ ညနေခင်းအချိန် ဖရူဆိုမြို့အရှေ့ဘက်ခြမ်းကို စစ်ကောင်စီတပ်မှ လက်နက်ကြီးသုံးကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဒရုန်းဗုံးကြဲတိုက်ခိုက်မှုနှစ်ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် အသက်၁၉နှစ်အရွယ် စစ်ရှောင်မိန်းကလေး တစ်ဦး ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့သည်။

ဇွန်လတွင် ဖရူဆိုမြို့နယ်အတွင်းကို စစ်ကောင်စီတပ်များသည် ရံဖန်ရံခါ ဒရုန်းဖြင့် ကင်းထောက်မှုများ ပြုလုပ်ခြင်းကြောင့် တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်နေကြပြီဖြစ်သော်လည်း စိုးရိမ်ပူပန်လျက်ရှိသည်။

**contact persons:**
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com